M-3392
31/12/13

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တုတွင်းဝန်ကြီးဌာန (ဝန်ကြီးရုံး)
စာအမှတ်၊ ....
ရက်စွဲ၊ ....

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်

စာအမှတ်၊ ၁၇ ခွဲ (၁) ၁၃ (၁၁၈၇၈)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GPS Joint Venture Co., Ltd. တို့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသောစနစ်ဖြင့် ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှု လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် တင်ပြခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GPS Joint Venture Co., Ltd. တို့သည် ရှမ်းပြည်နယ်၊ကလောမြို့နယ် ဘော်ဆိုင်းဒေသ မြေဧရိယာ (၄၉၅)ဧကတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသောစနစ်ဖြင့် ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှုလုပ်ငန်း သဘောတူ စာချုပ်အား အောက်ဖော်ပြပါ အချက်များဖြင့် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိပါသည်-

(က)	စာချုပ်သက်တမ်း	- (၁၅)နှစ်
(ခ)	ရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ (၂၈.၇)သန်း
(ဂ)	ဘဏ်အာမခံငွေ	- အမေရိကန်ဒေါ်လာ (၂)သိန်း
(ဃ)	အဆိုပြုငွေ	- အမေရိကန်ဒေါ်လာ (၂)သိန်း
(င)	ထုတ်လုပ်မှုလျာထားချက်	- တစ်နှစ်လျှင်(ခဲ-၅၂%)ပါဝင်သောခဲသတ္တုသန့်စင် (၃၀၀၀၀) မက်ထရစ်တန်
(စ)	မြေငှားရမ်းခ	- တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာအတွက်ကျပ်သိန်း (၃၀) နှင့် ညီမျှသော အမေရိကန်ဒေါ်လာ
(ဆ)	ခွဲဝေမှုအချိုး	- LME ခဲစင်ဈေးအမေရိကန်ဒေါ်လာ ၃၀၀၀ နှင့် အောက်တွင် သတလ(၁) ၁၃.၅၀ % ၊ ကုမ္ပဏီ ၈၆.၅ %
		- LME ခဲစင်ဈေး အမေရိကန်ဒေါ်လာ ၃၀၀၁ မှ ၄၀၀၀ အထိ သတလ(၁) ၂၀.၀ % ၊ ကုမ္ပဏီ ၈၀.၀ %
		- LMEခဲစင်ဈေး အမေရိကန်ဒေါ်လာ ၄၀၀၁ နှင့် အထက် သတလ (၁) ၂၈.၀ % ၊ ကုမ္ပဏီ ၇၂.၀ %

MIC

ဖတ်ရှု	
ရာထူး	လက်မှတ်
ဥက္ကဋ္ဌ	
အတွင်းရေးမှူး	
ညွှန်ကြား[illegible]	31/12
ဒုတိယညွှန်[illegible]	
ညွှန်ကြားရေးမှူး	

[illegible] / MIC [illegible]

[illegible]chase & Sale Contract

[illegible]

[illegible]

Form 1 Seal

Report ([illegible])

Undertaking [illegible]

[illegible]

[illegible] Total [illegible]

(ဇ)	မိုင်းပိတ်သိမ်းမှုစီမံချက် (Mine Closure Plan)	ကုမ္ပဏီမှနှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ထည့်ဝင်စုဆောင်းသွားပါမည်။
(ဈ)	လူမှုရေးတာဝန်ယူမှုရန်ပုံငွေ (CSR-Fund)	စီးပွားဖြစ် ထုတ်လုပ်မှုကာလ တစ်လျှောက်တွင် ကုမ္ပဏီ၏နှစ်စဉ်အမြတ်ငွေမှ ၂ % ကို ထည့်ဝင် ထူထောင်သုံးစွဲသွားမည် ဖြစ်ပါသည်။

၂။ ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ရန် စာချုပ် (မူကြမ်း)အား စိစစ်အကြံပြုပေးနိုင်ပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ သို့ သဘောထားမှတ်ချက်များတောင်းခံခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ **နောက်ဆက်တွဲ(က)** ဖြင့်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ**နောက်ဆက်တွဲ(ခ)**ဖြင့်လည်းကောင်း၊ဘဏ္ဍာရေးဝန်ကြီးဌာနမှ **နောက်ဆက်တွဲ(ဂ)** ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ **နောက်ဆက်တွဲ(ဃ)** ဖြင့်လည်းကောင်း ပြန်ကြားလာပါသည်။

၃။ GPS Joint Venture Co., Ltd. မှ ခဲသတ္တုသန့်စင်အကြီးစား ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခွင့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြခဲ့ရာ သတ္တုတွင်းဝန်ကြီးဌာန မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီးမှသာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ တင်ပြရန် **နောက်ဆက်တွဲ(င)** ပါစာဖြင့် အကြောင်းကြားလာပါသည်။

၄။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် GPS Joint Venture Co., Ltd. တို့၏ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင်အကြီးစား ထုတ်လုပ်မှုအပေါ်ခွဲဝေ ခံစားသောလုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခွင့်ပြုနိုင်ပါရန် သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ (၁၁.၁၂.၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၃/၂၀၁၃) ကြိမ်မြောက်အစည်းအဝေးက သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ **နောက်ဆက်တွဲ(စ)**

၅။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ GPS Joint Venture Co., Ltd. တို့၏ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင်ခဲသတ္တုသန့်စင်အကြီးစား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့၏ အကြံပြုချက်များအတိုင်း ပြင်ဆင်ဖြည့်စွက်ပြီး နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ **နောက်ဆက်တွဲ(ဆ)** GPS Joint Venture Co., Ltd. မှ ခဲသတ္တုသန့်စင်တူးဖော် ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း နှင့် GPS Joint Venture Co., Ltd. တို့၏ရှမ်းပြည်နယ်၊ ကလော မြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင် အကြီးစားထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသောလုပ်ငန်း သဘောတူ စာချုပ် ချုပ်ဆိုခွင့်ပြုနိုင်ပါရန် GPS Joint Venture Co., Ltd. ၏ အဆိုပြုတင်ပြစာ **<u>နောက်ဆက်တွဲ(ဇ)</u>** နှင့်အတူတင်ပြအပ်ပါသည်။

30/12/13

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သတ္တုတွင်းဝန်ကြီးဌာန
(မင်းမင်းဦး၊ရုံးအဖွဲ့မှူး)

မိတ္တူကို
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

နောက်ဆက်တွဲ (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၈ - ၁၀၃ /နပတ(၇၉၃)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

အကြောင်းအရာ။ **ခဲသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကြီးစား ထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ရန် ချုပ်ဆိုမည့် စာချုပ်(မူကြမ်း) အပေါ် သဘောထား မှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၁၀-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀၄၇/ သတလ-၁/ GPS-JV / စီမံကိန်း ၁၃ - ၁၄

၁။ သတ္တုတွင်းဝန်ကြီးဌာန၊အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် GPS Joint Venture Co., Ltd တို့သည်ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသ၊ မြေဧရိယာ (၄၉၅) ဧကတွင် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ခဲသတ္တုသန့်စင်အကြီးစား ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရန် ချုပ်ဆိုမည့်စာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက် ပါစာဖြင့် မေတ္တာ ရပ်ခံလာသော ကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း) အပေါ် ဥပဒေကြောင်းအရ လေ့လာစိစစ်၍ အောက်ပါအတိုင်း သုံးသပ် အကြံပြု အပ်ပါသည်-

(က) စာချုပ်(မူကြမ်း) Article 5.1 တွင် GPS-JV shall establish a company between the Good Plus Star Mining Co., Ltd and China sichuan Henglu Industrial Co., Ltd by the name of "GPS Joint Venture Co., Ltd. Which shall be incorporated in Myanmar under the Foreign Investment Law and the Myanmar Companies Act before

the Effective Date." ဟု ဖော်ပြထားသည့်အပြင် ထိုကုမ္ပဏီကလည်း စာချုပ်ဝင်တစ်ဦးအဖြစ်လက်မှတ်ရေးထိုးရမည်ဖြစ်ပါသဖြင့် စာချုပ်မချုပ်ဆိုမီ ယင်းကုမ္ပဏီကိုဖွဲ့စည်းတည်ထောင်ပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) Article 5.5 Exclusive Rights as to this Contract တွင် ME-1 မှ GPS-JV သို့ exclusive Right ကို ရယူခွင့်ပေးထားကြောင်း ဖော်ပြထားပါသည်။ ဥပဒေအရ exclusive ဆိုသည်မှာ "တစ်ဦးတည်းပိုင်ဆိုင်သော" ဟု အဓိပ္ပာယ်ရရှိသောကြောင့် ထိုကဲ့သို့သုံးစွဲထားမှုအပေါ် ဌာနအနေဖြင့် သတိပြုသင့်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) Article 5.5(a) တွင် Article 4.1 ဟု ရည်ညွှန်းထားသော်လည်း စာချုပ်(မူကြမ်း)တွင် Article 4.1 မပါရှိသဖြင့် ဌာနမှပြန်လည် စိစစ်ရန်ဖြစ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) Article XI GENERAL OBLIGATIONS 11.1 နှင့် 11.2 တို့တွင် ခေါင်းစဉ်မှာ GPS-JV's obligations ဟုသာ ဖော်ပြ ထားကြောင်း တွေ့ရှိရပါသည်။ ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(င) စာချုပ်(မူကြမ်း) Article 11.2(s)(t) နှင့် (u) ပါ စည်းကမ်းချက်များ၏ အင်္ဂလိပ်စာရေးသားချက်မှာ ထိုအပိုဒ်ပါအခြားစည်းကမ်းချက်များနှင့် ရေးထုံးညီညွတ်ရန် လိုအပ်ပါသည်။ ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)တွင် နောက်ဆက်တွဲများဖော်ပြထားသော်လည်း ရည်ညွှန်းချက်များပြည့်စုံစွာမပါရှိပါ။နောက်ဆက်တွဲများသည်စာချုပ်၏အရေးကြီးသော အစိတ်အပိုင်းများဖြစ်သောကြောင့် နောက်ဆက်တွဲများနှင့် ရည်ညွှန်းထားသော စည်းကမ်းချက်များညီညွတ်မှန်ကန်စေရန် ဌာနမှတာဝန်ယူစိစစ်ရန်ဖြစ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)Article XIX PERFORMANCE BANK GUARANTEE ၏ အပိုဒ် 19. 5 ဒုတိယစာကြောင်းတွင် ရည်ညွှန်းထား သော Article 25.2 မှာ Disputes နှင့် သက်ဆိုင်၍ ရည်ညွှန်းချက်မှားယွင်းနေသည်ဟု ယူဆပါသည်။ မှန်ကန်မှုရှိစေရန် ဌာနမှပြန်လည်စိစစ် သင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း) Article XXIII Management ၏ အပိုဒ် 23.7 တွင် ရည်ညွှန်းထားသော 22.2(a),(b) and (c) တို့မှာ စာချုပ်(မူကြမ်း) တွင်မပါရှိ၍မှားယွင်းနေသည်ဟု ယူဆပါသည်။ ဌာနမှ မှန်ကန်မှုရှိစေရန် ပြန်လည်စိစစ်သင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) Article XXVI TERMINATION ၏ အပိုဒ် 26.2(d) တွင် ရည်ညွှန်းထားသော Article 10.6 မှာ production of lead နှင့် သက်ဆိုင် ၍ မှားယွင်းနေသည်ဟု ယူဆပါသည်။ မှန်ကန်မှုရှိစေရန် ဌာနမှပြန်လည် စိစစ်ရန်ဖြစ်ပါသည်၊

(ည) စာချုပ်(မူကြမ်း)တွင် ပူးတွဲဖော်ပြမည့်မြေပုံသည် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှတရားဝင်ထုတ်ပေးထားသော မြေပုံဖြစ်ရန်လိုအပ်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) Article 19.1 Performance Bank Guarantee တွင် ဖော်ပြထားသောကိစ္စများ၊ Article XX Payment အပိုဒ်တွင်ဖော်ပြထားသောကိစ္စများ၊ Article XXI BANKING AND CURRENCY RIGHT တွင် ဖော်ပြထားသောကိစ္စများနှင့်စပ်လျဉ်း၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၃။ သစ်တောကြိုးဝိုင်းအတွင်းကျရောက်သော လုပ်ကွက်များဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ သတ္တုရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းသည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃ အရ နိုင်ငံတော်အစိုးရကသာလုပ်ကိုင်ခွင့်ရှိသဖြင့် ယင်းဥပဒေပုဒ်မ ၄ အရ အစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် ခွင့်ပြုမိန့်ရရှိရန်လိုအပ်ပါသည်။

၅။ စာချုပ်(မူကြမ်း)ပါ ခဲနှင့် ရောရာသတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၇ အရ သတ္တုတွင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ စာချုပ် (မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်အကြံပြုပါသည်။

၇။ GPS Joint Venture Co., Ltd သည် ဥပဒေအရတရားဝင်ဖွဲ့စည်းထားသောကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည့်အချက်များနှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၈။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

7/7/2013

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မေသီလင်း၊ ညွှန်ကြားရေးမှူး)

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

နောက်ဆက်တွဲ (ခ)

ရက်စွဲ ၇ | ၁၀ | ၂၀၁၃
အမှတ် ၁၁၅၃

2292
8.10.13

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

စာအမှတ်၊ စဆ - ၆ / ၇၃၁ (၄၆၇/ ၂၀၁၃)
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊အောက်တိုဘာလ ၂ ရက်

သို့

ဒေါက်တာမြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

အကြောင်းအရာ။ ခဲသတ္တုသန့်စင်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အကြီးစား ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်း မူကြမ်းအပေါ် သဘောထား မှတ်ချက် တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက် ။ လိပ်မူပါရုံး၏ ၂၄-၉-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ခွဲ (၁) ၁၃ (၈၁၉၃)

၁။ လိပ်မူပါရုံး၏ ရည်ညွှန်းစာပါ ချုပ်ဆိုမည့်လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)၏ အပိုဒ် (၁၀) (၁၂)(၁၉)(၂၇) တို့နှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပေးရန် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) နှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

သိန်းထိုက်
ပြည်ထောင်စုစာရင်းစစ်ချုပ်

မိတ္တူ
ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စု သ လျှို့ဝှက် အနိုင်ငံတော်အစိုးရ
ဘ ဏ္ဍာ ၁၁ ကြီး ဌာ န
ဝန်ကြီးရုံး

နောက်ဆက်တွဲ (ဂ)

စာအမှတ်၊ ဘခ - ၁ / ၂၇၄ (၄၅၅၉/၂၀၁၃)
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ သတ္တုတွင်းဝန်ကြီးဌာန၏ ၂၆-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၃၀၂ /သတလ - ၁ / GPS - JV / စီမံကိန်း ၁၃ - ၁၄

၁။ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုတူးဖော်ထုတ်လုပ်၊ သန့်စင်၊ ရောင်းချမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်း လုပ်ငန်း(ME-1)နှင့် GPS Joint Venture Co., Ltd (GPS-JV)တို့ လက်မှတ်ရေးထိုး ချုပ်ဆိုမည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ် (PSC) (မူကြမ်း) အပေါ် ဤဝန်ကြီး ဌာန၏ သဘောထားမှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရယူရန် လိုအပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ တည်ဆဲသတ္တုတွင်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) စာချုပ်မူကြမ်း အပိုဒ်(၁.၂၇) Local Currency အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ကျပ်နှင့် Foreign Exchange Certificate အပါအဝင်ဟု ဖော်ပြထားရာ ပြည်တွင်းတွင် Foreign Exchange Certificate မှာ အသုံးပြုခြင်း မရှိတော့သဖြင့် ပယ်ဖျက်သင့်ပါသည်။

(ဂ) စာချုပ်မူကြမ်း အပိုဒ်(၁၉.၂) တွင် ဖော်ပြထားသည့် စာချုပ်နောက်ဆက်တွဲ Annexure VIII တွင် ဖော်ပြထားသော Performance Bank Guarantee ပုံစံမှာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အတည်ပြုထားသည့် ဘဏ်အာမခံ ပုံစံဟု ဖော်ပြထားရာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အတည်ပြုထားခြင်း မရှိသည့်အပြင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ခံဆောင်ရွက်လေ့ ရှိသည့် အာမခံပုံစံ မဟုတ်သဖြင့် ပြန်လည် ညှိနှိုင်း ပြင်ဆင်သင့်ပါသည်။

(ဃ) စာချုပ်မူကြမ်း အပိုဒ်(၂၁.၂)တွင် GPS-JVသည် နိုင်ငံခြားငွေကြေး၊ ပြည်တွင်းငွေကြေးများကိုသုံးစွဲဆောင်ရွက်ခွင့်နှင့်ပတ်သက်၍ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဟု ဖော်ပြထားရာ ဘဏ္ဍာရေးဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနအမည်မှန်ကို ပြင်ဆင်ဖော်ပြရန် ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ဖြည့်စွက်ဖော်ပြရန် ဖြစ်ပါသည်။ သို့မဟုတ်ပါက မြန်မာနိုင်ငံ၏ တည်ဆဲနိုင်ငံခြားသုံးငွေ ဥပဒေ၊ စည်းမျဉ်းများအရ ဆောင်ရွက်မည်ဟု ပြင်ဆင်သင့်ပါသည်။

(င) ဘဏ်အာမခံတွင် စီမံကိန်း အကောင်အထည်ဖော်မည့် နှစ်ဦးနှစ်ဖက် သဘောတူညီသည့် ကန်ထရိုက်စာချုပ်အရ GPS-JV မှ ဆောင်ရွက်ရန် ပျက်ကွက်မှုအဖြစ် သတ်မှတ်ထားသည့်အချက်များ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ ပျက်ကွက်မှုဖြစ်ပေါ်ပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ အဆက်အသွယ်ဘဏ်မှ တင်သွင်းထားသည့် Performance Bank Guarantee အရ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ လျော်ကြေးတောင်းခံလျှင် အဆိုပါဘဏ်မှမပျက်မကွက်ပေးလျော်ရန်ဘဏ်၏တာဝန်ခံကို Performance Bank Guarantee တွင် ဖော်ပြရန် လိုအပ်ပါသည်။

(စ) အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ရရှိရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် အမိန့်ကြော်ငြာစာများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါ သည်။

၂။ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဒေါက်တာလင်းအောင် ၊ ဒုတိယဝန်ကြီး)

မိတ္တူကို
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန

မှတ်ပုံ နောက်ဆက်တွဲ (ဃ)
ရက်စွဲ
အမှတ် ၁၁၄၂၀

1557
9.8.13

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ နစ/ဃ-၁/၉၇၇ /၂၀၁၃ (၃၇၆၇)
ရက်စွဲ ၊ ၂၀၁၃ခုနှစ် ဩဂုတ်လ ၈ ရက်

အကြောင်းအရာ။ **သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း(ME-I) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံGPS Joint Venture CO.LTD(GPS-JV)တို့ချုပ်ဆိုမည့် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင်ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ**

ရည်ညွှန်းချက်။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၂၆-၇-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၃၀၄/သတလ-၁/GPS-JV /စီမံကိန်း၁၃-၁၄

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း(ME-I) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GPS Joint Venture CO.LTD(GPS-JV) တို့ချုပ်ဆိုမည့် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင် ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အပေါ် အောက်ပါသဘောထားမှတ်ချက် ပေးပို့အပ်ပါသည်-

(က) သဘောတူစာချုပ်(မူကြမ်း)တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GPS Joint Venture CO.LTD(GPS-JV)မှ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင်ထုတ်လုပ်မှုအပေါ် ခွဲဝေခြင်းဆိုင်ရာ အခြေခံဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) စာချုပ်(မူကြမ်း)အရစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) စာချုပ်(မူကြမ်း)အရနိုင်ငံတော်ဘဏ္ဍာငွေ ကျခံသုံးစွဲရန်ကိစ္စနှင့်စပ်လျဉ်း၍ မိမိဌာန၏ နှစ်အလိုက်ဘတ်ဂျက်လျာထားချက်တွင် ထည့်သွင်းသတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း နှင့်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းနိုင်ရေးအတွက် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဃ) စာချုပ်(မူကြမ်း)အရမြေနေရာရရှိရေးအတွက် နိုင်ငံတော်မှပြဋ္ဌာန်းထားသည့် တည်ဆဲမြေယာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း နှင့် ဒေသခံများပြောင်းရွှေ့ရေး ကိစ္စနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများ၏ သဘောထားများနှင့် အညီဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(င) စာချုပ်(မူကြမ်း)အရ မြေငှားရမ်းခနှုန်း သတ်မှတ်ထားချက်နှင့်စပ်လျဉ်း၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး နှင့် ပြည်နယ် အစိုးရ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီတို့မှ သဘောထားကို ရယူဆောင်ရွက်သင့်ပါသည်။

(စ) သဘောတူစာချုပ်(မူကြမ်း)အရ ဘဏ်အာမခံရယူရေး၊ ငွေပေးချေမှုငွေကြေး လွှဲပြောင်းခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်း နှင့် အခွန်အခဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သဘောထားနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(ဆ) သဘောတူစာချုပ်(မူကြမ်း)အပိုဒ်-၁၂Production Sharing and Royaltyသတ်မှတ် ချက်အပေါ်အမှတ် (၁)သတ္တုတွင်းမှ လက်ခံနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဇ) သဘောတူစာချုပ်(မူကြမ်း)ပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ နှင့်အထူးကုမ္ပဏီများအက်ဥပဒေတို့နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ဖော်ပြအပ် ပါသည်။

(ဈ) သဘောတူစာချုပ်(မူကြမ်း)ပါ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သတ်မှတ်ချက်များ နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအကောင်အထည်ဖော်မည့်ဌာနအဖွဲ့အစည်းမှ တာဝန်ယူစိစစ် ရန်ဖြစ်ပါသည်။

၂။ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက မိတ္တူ(၂)စောင်ကို ဤဦးစီးဌာနသို့ ပေးပို့ပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာဂါဝါမောင်-ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

မိတ္တူကို
- သတ္တုတွင်းဝန်ကြီးဌာန
- အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရုံးအမှတ်(၃၂)၊ နေပြည်တော်

Myanmar Investment Commission

☎ -၀၆၇-၄၀၆၃၃၄၊ ၄၀၆၀၇၅
📠-၉၅-၆၇-၄၀၆၃၃၃

နောက်ဆက်တွဲ (င)
မှတ်ပုံတင်အမှတ်...........
ရက်စွဲ ၂၁၊၈၊၂၀၁၃
အချိန်...........

၁၃၀၅
22.8.13

စာအမှတ်၊ရက- ၆(ခ)/န- ၇၂၆/၂၀၁၃(၈၂၆၈)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်

သို့
ပြည်ထောင်စုဝန်ကြီးရုံး
သတ္တုတွင်းဝန်ကြီးဌာန

အကြောင်းအရာ။ GPS Joint Venture Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ခဲနှင့်ရောရာ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀-၁၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၁/န-၇၂၆/၂၀၁၂(၁၂၆၂၆)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Hengiu Industrial Co., Ltd. မှ ၉၈ % နှင့် မြန်မာနိုင်ငံ Good Plus Star Mining Co., Ltd. (တောင်းသောအင်အားကြွယ်သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်) မှ ၂ % အစုရှယ်ယာများထည့်ဝင်၍ မြန်မာနိုင်ငံတွင် GPS Joint Venture Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကျေးလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စုရှိ မြေ၄၉၅ ဧကတွင် ခဲနှင့်ရောရာသတ္တုရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုချက်တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန နှင့် GPS Joint Venture Co., Ltd. တို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract-PSC)(မူကြမ်း) နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်တို့အား သတ္တုတွင်းဝန်ကြီးဌာနမှ တစ်ဆင့် ပူးတွဲ တင်ပြရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းပြန် ကြားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ သတ္တုတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့် တင်ပြရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက် ရယူပြီးမှသာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြကြပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဲ့သို့ အထက်အပိုဒ် (၂)ပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း နှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ပြီးမှသာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာတင်ပြရန် အကြောင်းကြား အပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

- အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

GPS Joint Venture Co., Ltd.

ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန် ကြီး ရုံး
နေပြည်တော်

စာအမှတ်၊ ၆ - ရုံးအဖွဲ့ ၁၃ (၁၁၈၅၀)
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ **အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် GPS Joint Venture Co., Ltd. တို့၏ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင် အကြီးစား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခွင့်ပြုနိုင်ပါရန် တင်ပြခြင်းကိစ္စ**

၁။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၃/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည် -

"အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် GPS Joint Venture Co., Ltd. တို့၏ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသတွင် ခဲသတ္တုသန့်စင် အကြီးစား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသော လုပ်ငန်းသဘောတူ စာချုပ် ချုပ်ဆိုခွင့်ပြုနိုင်ပါရန် တင်ပြခြင်းကို သဘောတူကြောင်း။"

၂။ သို့ပါ၍ အထက်ပါ ဆုံးဖြတ်ချက်အရ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားသည်။

27/12/13

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သတ္တုတွင်းဝန်ကြီးဌာန
(မင်းမင်းဦး၊ ရုံးအဖွဲ့မှူး)

D:\Cabinet reply.doc

လျှို့ဝှက်

<u>Confidential</u>

THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF MINES

LEAD CONCENTRATE

PRODUCTION SHARING CONTRACT

BETWEEN

NO(1) MINING ENTERPRISE

AND

GPS JOINT VENTURE CO., LTD

FOR

BAWSAING REGION LEAD DEPOSIT

KALAW TOWNSHIP

SHAN STATE

(Draft)

Dated , 2013 Nay Pyi Taw

<u>Confidential</u>

လျှို့ဝှက်

LEAD CONCENTRATE PRODUCTION SHARING CONTRACT BETWEEN NO.1 MINING ENTERPRISE AND GPS JOINT VENTURE CO. LTD

This contract is made at Nay Pyi Taw on ....Day of 2013

Between

No 1 Mining Enterprise, Building No.19 Ministry of Mines, Nay Pyi Taw, the Republic of the Union of Myanmar represented by its Managing Director U Kyaw Hsan (hereinafter referred to as **ME-1**)which expression shall unless repugnant to the context or meaning there of, includes its successors and permitted assigns) of the ONE PART

And

GPS Joint Venture Co., Ltd. incorporated in the Republic of the Union of Myanmar, represented by its Chairman, Mr. Luo Rong (hereinafter referred to as **GPS-JV** which expression shall unless repugnant to the context or the meaning there of, includes its legal representatives, successor, permitted assigns)of the OTHER PART

WITNESSETH

WHEREAS, the Republic of the Union of Myanmar is the sole owner of all resources within her territory and has the right to develop, extract, exploit and utilize natural resources ; and

WHEREAS, **ME-1** is an enterprise formed by the Government of the Republic of the Union of Myanmar and is concerned with exploration and production of Minerals within the Republic of the Union of Myanmar; and

WHEREAS, **ME-1** has the exclusive right to carry out the cooperation with foreign entities on the Operation in the Agreement Area described in the map attached to this Agreement in Annexure I; and

WHEREAS, **GPS-JV** is the joint ventured company of Good Plus Star Mining Co.,Ltd. And China Sichuan Henglu Industrial Co., Ltd. and is of sound financial standing and professional skill for carrying out the Operation as hereafter defined; and WHEREAS, each party has the right, power and authority to enter into this Agreement and WHEREAS, **ME-1** and **GPS-JV** mutually desire to enter into this Agreement

NOW, THREFORE , for and in consideration of the premises and the mutual covenants hereinafter set forth, it is agreed as follows:

ARTICLE I

DEFINITIONS

The following definitions shall apply unless the context requires otherwise. Definition of all terms contained herein this contract unless otherwise defined shall be the same as those terms defined in the Foreign Investment Law, Myanmar Mines law and Myanmar Mines Rules

1.1 **Ministry** means the Ministry of Mines of the Republic of the Union of Myanmar.

1.2 **Minister** means the Union Minister of the Ministry of Mines of the Republic of the Union of Myanmar.

1.3 **Department of Mines** means the Planning and Work Inspection Department of the Ministry of Mines.

1.4 **Foreign Investment Law** means the Pyidaungsu Hluttaw law No. 21/2012 enacted by Pyidaungsu Hluttaw on 2nd November, 2012.

1.5 **Mining Law** means the Myanmar Mines Law (The State Law and Order Restoration Council Law No.8/94) enacted on 6th September 1994 and further laws to be enacted.

1.6 **Mining Rules** means the Myanmar Mines Rules (Notification No. 125/96 dated 30th December 1996) issued by the Ministry of Mines and further Mines Rules to be enacted.

1.7 **Government** means the Government of the Republic of the Union of Myanmar, including its various governmental entities.

1.8 **Governmental Approvals** means all approvals and consents from the Government and Local Authorities required under the laws of the Republic of The Union of Myanmar to conduct Operations, including without limitation applications, visas, permits, licenses, endorsements, permissions, authorizations, exceptions, exemptions, leases, Contracts, easements, and certificates (including, for example, inspection certificates or similar documents) and other actions of Government entities and Local Authorities.

1.9 **GPS-JV** means a company incorporated in Myanmar under the Myanmar laws according to Article 5.1.